ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

အကြောင်းအရာ


| | |
|---|---|
| ကမ္ဘာ့စနစ်သစ်လွှန်ပွဲအတွင်း ဗမာပြည်အနေချောင်စေဖို့ | ၁ |
| ထုတ်ပြန်ကြေညာချက်များ | ၂ – ၃ |
| ဗိုလ်မှူးချုပ် (ဟောင်း) ကျော်ဇော၏ ပန်ကြားချက် | ၄ |
| ပန်ကြားလွှာ | ၅ |
| သဝဏ်လွှာများ | ၁၁ – ၁၅ |
| ကားလ်မာ့က်စ် ၁၈၅ နှစ်မြောက်မွေးနေ့ | ၁၆ |
| “ကျိန်စာသင့်နေသည့် ဗမာပြည်” စာအုပ်အပေါ် မှတ်ချက် | ၂၀ |
| တတိယလိုင်းနှင့် ဗမာပြည်နိုင်ငံရေး | ၂၃ |
| မာယာကော့စကီ – သူ့ဘဝ သူ့စာပေဆိုင်ရာ နှစ်စဉ်မှတ်တမ်းနဲ့ သူ့ကဗျာ | ၂၅ |
| နိုင်ငံတကာ သတင်းတိုထွာ | ၃၄ |
| အီရတ်ပြဿနာ ကိုးကားစရာများ | ၃၇ |
| ၂၀၀၂ ခုနှစ် ဒီကမ္ဘာ | ၃၉ |
| ပြည်တွင်းသတင်းသုံးသပ်ချက် | ၄၁ |


အမှတ် (၂၃)

ဇန္နဝါရီလ၊ ၂၀၀၃ ခုနှစ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

ဂျာနယ်

အမှတ် (၂၃)

ဇန္နဝါရီလ၊ ၂၀၀၃ ခုနှစ်။

## မာ့က်စ်ဝါဒ ပြန်လည်ရှင်သန်ထမြောက်အောင် လုပ်သူများ

ကွန်မြူနစ်ကြေညာစာတမ်း (၁၅၅) နှစ် ပြည့်တော့မည်။

ထို (၁၅၅) နှစ်အတွင်းတွင် "သေပြီ မြေမြှုပ်လိုက်ပြီ" အပြောခံရဆုံးဝါဒမှာ မာ့က်စ်ဝါဒ ဖြစ်၏။

ကြေညာစာတမ်းထဲတွင် မာ့က်စ် အိန်ဂယ်လ်တို့က ခေတ်သစ်နိုင်ငံတော်၏ အစိုးရ ဆိုသည်များမှာ ဘူဇွာတို့၏ အရေးအရာများကို စီမံခန့်ခွဲသည့် အလုပ်အမှုဆောင်များသာ ဖြစ်သည်ဟု ရေးခဲ့သည်။

ဆိုဗီယက်ဆိုရှယ်လစ်စနစ် ကျဆုံးသွားသောခေတ်တွင် ခေတ်သစ်နိုင်ငံတော် အစိုးရများသည် "အလုပ်အမှုဆောင်အလုပ်" ကို ပုန်းလျှိုးကွယ်လျှိုး မလုပ်ကြတော့။ "ပြောင်ကျကျ" လုပ်ကြသည်။

ဘုရှ်အစိုးရ ဘလဲအစိုးရတို့ အကဲဆုံး ဖြစ်သည်။

ယခင်အခါများက "မာ့က်စ်ဝါဒမသေ" ဟု ပြောခဲ့သူများမှာ ကွန်မြူနစ်များသာ ဖြစ်ခဲ့သည်။ ယခု ထိုသို့ မဟုတ်တော့ပြီ။ မာ့က်စ်ဝါဒကို ပြန်လည်ရှင်သန်ထမြောက် လာအောင် လုပ်ပေးသူများထဲတွင် ကွန်မြူနစ်များသာ မကတော့။ အမေရိကန်နှင့် ဗြိတိန်၊ အီတလီစသည်တို့တွင် မာ့က်စ်ဝါဒကို ကိုးကားပြီး အရင်းရှင်စနစ်ကို ဝေဖန်ကြသူထဲတွင် သာမန်ပညာရှင်များ၊ လူငယ်ပညာတတ်များ အများစု ဖြစ်နေသည်။

ဘုရှ်တို့ ဘလဲတို့က 'အလုပ်အမှုဆောင်အလုပ်' ကို လုပ်လေလေ၊ မာ့က်စ်အိန်ဂယ် တို့ ကြေညာစာတမ်းစိတ်ဓာတ် ရှင်သန်ထမြောက်လေလေ ဖြစ်တော့မည်။

တပ်မတော် ပြိုနေပျက်နေခြင်းမှာ
နိုင်ငံရေး "အာဏာ" ကို
တွယ်ကပ်နေသောကြောင့် ဖြစ်သည်။

ဒီမိုကရေစီသို့
ကူးပြောင်းရာတွင်လည်း
စေ့စပ်ရေးစားပွဲမှတဆင့်သာ
လူထုက သွားလိုကြသည်

**ဗမာပြည်ကွန်မြူနစ်ပါတီ**
**ဗဟိုဝါဒဖြန့်ချိရေးဌာနမှ ထုတ်ဝေဖြန့်ချိသည်**